


# ခန္ဓာမှာတရားရှာပါ

## အပါယ်မကျတာ၊ တာဝန်ခံပါတယ်

၁၆၈

ဟောကြားသည့်နေ့
(၂ - ၁၀ - ၆၁)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၀)မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ခန္ဓာမှာ တရားရှာပါ
# အပါယ် မကျတာ တာဝန်ခံပါတယ်

ဟောကြားသည့်နေ့ (၂-၁၀-၁၉၆၁)

စာမူခွင့်ပြုချက် အမှတ်    -   ၃၅/၉၉ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -   ၁ဝ၈/၉၉ (၃)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-ဝ၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆ဝ

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ဝ၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅ဝ)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ခန္ဓာမှာ တရားရှာပါ
# အပါယ်မကျတာ တာဝန်ခံပါတယ်

ဟောကြားသည့်နေ့ (၂-၁၀-၆၁)

အားလုံး တရားနာကြတဲ့ ဒကာ ဒကာမတွေ၊ ဘုန်းကြီးက ဟောတဲ့ တရားတော့ နာကြပါဆိုတာ မေတ္တာရှေ့ထား ပြောတယ်နော်. . . (မှန်ပါ့)၊ ဉာဏ်ကတောဖြင့် ခန္ဓာကိုယ် လှည့်ပါလို့ပြောလိုက်တယ်. . . (မှန်ပါ့ဘုရား)။

## နားက ဘုန်းကြီးဟောတဲ့တရားနာပါ

တရား ဘယ်ကနာရမလဲ. . . (နားကနာရပါမယ်)၊ နားက နာပြီးသကာလ သိတဲ့ဉာဏ်ကလေးက ဘယ်လှည့်ရ

မတုံး. . . (ခန္ဓာလှည့်ရပါမယ်ဘုရား)။

ခန္ဓာလှည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်က အမှန်ပြောပါလိမ့်မယ်. . . (မှန်ပါ့)၊ ခန္ဓာကိုယ်က အမှန်ပြောလာတဲ့တစ်နေ့ကျတော့၊ ဒကာ ဒကာမတွေ အထင်အမြင်နဲ့ ခန္ဓာကိုယ် က ပြောတာနဲ့ဟာ၊ ဩော်. . . တခြားစီပါလားဖြစ်လာလိမ့် မယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကပြောတာနဲ့ ကိုယ့်ပင်ကိုယ်က မိဘမျိုးရိုးသင်လို့ အမြင်တွေနဲ့ ဆိုလို့ရှိရင် တခြားစီဖြစ်လာလိမ့်မယ်. . . (မှန်ပါ့)။ တခြားစီဖြစ်လာတော့ ဩော်. . . မိဘက သင်လိုက်တာက တစ်မျိုး၊ ရပ်ရွာက သင်လိုက်တာကတစ်မျိုး၊ ခန္ဓာကိုယ်ဉာဏ်လှည့်ပြီးကြည့်လိုက်တော့ ခန္ဓာကပြောတာက တစ်မျိုးဆိုတော့၊ ဒကာ ဒကာမတွေ ခန္ဓာကပြောတာကို အတည်ယူကြရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## ခန္ဓာကပြောတာ အတည်ယူပါ

ဘယ်ဟာ အတည်ယူကြမလဲ. . . (ခန္ဓာကိုယ်ကပြောတာ အတည်ယူကြရပါမယ်)၊ ခန္ဓာကပြောတာ အတည်ယူကြပါလို့ သတိပေးလိုက်တယ်နော်. . . (မှန်ပါ့ဘုရား)။

ခန္ဓာကတော့ ဒကာ ဒကာမတွေသိတဲ့အတိုင်းတဲ့ ကိုယ်ရထားတဲ့ဆုတောင်းပြည့်ခန္ဓာကိုးဗျ. . . (မှန်ပါ့)၊ ကိုယ် ရထား

လို့ ဆုတောင်းပြည့်တဲ့ခန္ဓာဆိုရင် ဒကာကြွယ် ငြင်းဖို့လိုသေးသလား. . . (မလိုပါဘူးဘုရား)။

အဲဒီတော့ နဂိုက သံသရာတုန်းကလည်း ကိုယ်က မျက်စိမှားပြီး ခန္ဓာရအောင် ဆုတောင်းခဲ့ကြတယ်. . . (မှန်ပါ)၊ ခန္ဓာရအောင်ဆုတောင်းခဲ့တော့ကို၊ အခု ခန္ဓာကို ဆရာဘုန်းကြီးက အရိယာမျက်လုံးဆိုတာကြီး တပ်ပေးလိုက်တယ် . . . (မှန်ပါ့)၊ အရိယာမျက်လုံးကလေး တပ်ပေးလိုက်တော ခန္ဓာက ပြောတာမြင်ရတယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာကပြောတာ မြင်ရတော့ကို ဩော်. . . တစ်သံသရာလုံးက လူပြော သူပြောနဲ့ လမ်းဆုံးလာခဲ့လို့ ဒုက္ခပင်လယ်ဝေခဲ့ရတယ်. . . (မှန်ပါ့)၊ ခန္ဓာကပြောတာ နားမထောင်မိလို့ နိဗ္ဗာန်နဲ့ဝေးခဲ့ရတယ်. . . (မှန်ပါ့)၊ လူပြော သူပြော လမ်းဆုံးတာနဲ့ ဒကာ ဒကာမတို့ ဒုက္ခပင်လယ်ဝေရတယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာကပြောတာကို ယခုကဲ့သို့ နားမထောင်မိလို့ ဒကာ ဒကာမတွေမှာ ကိုယ်ကျိုးနည်းခဲ့ရတယ်. . . (မှန်ပါ့ဘုရား)။

အဲဒီ ကိုယ်ကျိုးနည်းခဲ့ရမှုကို ယခုအခါမှာ နားက တရား နာ၍၊ ဉာဏ်က ခန္ဓာလှည့်လိုက်တော့ ခန္ဓာကိုယ်က ပူပြန်ပြီ ပြောလိုပြော၊ အေးပြန်ပြီပြောလိုပြော. . . (မှန်ပါ့)၊ ညောင်း ပြန်ပြီ ပြောလိုပြော၊ အိုက်ပြန်ပြီ ပြောလိုပြော . . .

(မှန်ပါ)၊ ခန္ဓာကပြောတာကဖြင့် သူ့ပင်ကိုယ်သဘောက ပြောတာပဲ. . . (ပြောပါတယ်ဘုရား)။

အဲဒီတော့ သူကြည့်တိုင်း ကြည့်တိုင်းလည်း ဒကာ ဒကာမတွေက ကောင်းတဲ့ရုပ်တွေကပျောက်၊ အိုက်တဲ့ရုပ်တွေ က ပေါ်ပေါ်လာပြန်တယ်. . . (မှန်ပါ့) ဆိုတော့ ခန္ဓာက အမျိုးမျိုး ပြောင်းလွဲပြနေတယ်. . . (ပြပါတယ်ဘုရား)။

အေးတဲ့ရုပ်တွေ ပျောက်ပြီး ညောင်းတဲ့ရုပ်တွေပေါ် ပေါက်လာတယ်. . . (မှန်ပါ့)၊ အင်း ခန္ဓာကပြောတာကဖြင့် ဒကာ ဒကာမတို့ အကောင်းပျောက် အဆိုးရောက်၊ အကောင်း ပျောက် အဆိုးရောက်နဲ့ပြောလေ့ရှိတယ်. . . (မှန်ပါ့)၊ ခန္ဓာက ပြောတာကဖြင့် ဖြစ်လိုက်ပျက်လိုက်ချည့်ပဲ ပြောတာလို့ တိုတို ဆိုကြပါစို့. . . (မှန်ပါ့ဘုရား)။

## ခန္ဓာက ဘာတွေပြောပါလိမ့်

ခန္ဓာက ဘာတွေပြောပါလိမ့်. . . (ဖြစ်လိုက် ပျက် လိုက်ချည့် ပြောပါတယ်ဘုရား)။

ဖြစ်လိုက်ပြန်ပြီ၊ ပျက်လိုက်ပြန်ပြီ၊ ဖြစ်လိုက်ပြန်ပြီ ပျက် လိုက်ပြန်ပြီ၊ ရိုးရိုးပြောတော့ မွေးလိုက်ပြန်ပြီ၊ သေလိုက်ပြန်ပြီ လို့ပြောတာပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာက ပြောတာ ကြည့်လိုက်တော့မှ တစ်သံသရာလုံးက တို့ကို လူချမ်းသာထက် နတ်ချမ်းသာ ကောင်းတယ်၊ နတ်ချမ်းသာထက် ဗြဟ္မာချမ်းသာကောင်းတယ် လို့၊ တို့ အထင်မှားပြီး ဒိဋ္ဌိစွဲနဲ့ တဏှာစွဲနဲ့ စွဲနေတာကြီး၊ ယခု ဉာဏ်မျက်လုံးနဲ့ လူချမ်းသာကောင်းတယ်ဆိုပြီးသကာလ၊ နားက တရားနာပြီးသကာလ၊ ဉာဏ်က ခန္ဓာကိုယ် အလှည့်ခိုင်း လို့ အရိယာမျက်လုံးတပ်ပေးပြီး၊ ဆရာဘုန်းကြီးက တပ်ပေးပြီး လှည့်လိုက်တဲ့အခါကျတော့၊ ခန္ဓာ့အပြောကဖြင့် နည်းနည်းမှ မကောင်းပါလားဆိုတာ ပေါ်လာလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာ့အပြောကဖြင့် . . . (နည်းနည်းမှမကောင်းပါ)၊ နည်းနည်းမှ မကောင်းတာတွေ ပေါ်လာပါလိမ့်မယ်. . . (မှန်ပါ့ ဘုရား)။

အဲဒီကဲ့သို့ နည်းနည်းမှမကောင်းတာတွေ ပေါ်လာလို့ ရှိရင်ဖြင့်၊ ဩော်. . . တစ်သံသရာလုံးက လူပြော သူပြောနဲ့ လမ်းဆုံးပြီး၊ ဆရာကောင်း သမားကောင်း မတွေ့ခဲ့တဲ့အတွက်၊ ဉာဏ်က ခန္ဓာကိုယ်မလှည့်မိ လှည့်မိတဲ့အခါ တကယ်ကြည့် လိုက်တဲ့အခါကျတော့၊ အကောင်းဟူသရွေ့ တစ်စက်မှမပါ ပါကလားဆိုပြီးသကာလ၊ ဒီလိုနာကြလို့ရှိရင် ခန္ဓာကိုယ်ကြီးဟာ ပျက်လိုက် အစားထိုးလိုက်၊ ပျက်လိုက် အစားထိုးလိုက်၊ ပျက် လိုက် အစားထိုးလိုက်၊ ဒီလိုချည့်နေတာပဲ. . . (မှန်ပါ့ဘုရား)။

ဒီဟာတွေ ကြည့်လိုက်တဲ့အခါကျတော့ ကြည့်ရင်း ကြည့်ရင်း မတ္တနဲ့ ခန္ဓာကိုယ်ကြီးကို ယထာဘူတဉာဏ်ရတယ် . . . (မှန်ပါ့)။

## ယထာဘူတဉာဏ်ဆိုတာ

ယထာဘူတဉာဏ်ဆိုတာ **"ယထာသဘာဝ ဇာနဉာဏ်"** ပါပဲ. . . (မှန်ပါ့)။ **ဟုတ်တိုင်းမှန်စွာ ဒကာ ဒကာမတွေသိနေတဲ့ ဉာဏ်လို့** မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ဟုတ်တိုင်းမှန်စွာ သိနေတဲ့ဉာဏ်နဲ့ ဘာခေါ်ကြမယ် . . . (ယထာဘူတဉာဏ်ပါဘုရား)။

အဲဒါကြောင့် နားက ဘုန်းကြီးပြောတာ နားထောင်ပါ။ ဉာဏ်က ယထာဘူတဉာဏ်နဲ့ကြည့်ပါလို့ တရားတစ်ပွဲလုံး ဆုံးမ ပါတယ်. . . (မှန်ပါဘုရား)။

နားကတော့ ဘုန်းကြီးဟောတာ နားထောင်ပါ။ ဉာဏ် ကတော့ဖြင့် ယထာဘူတဉာဏ်နဲ့ ခန္ဓာကိုယ်ထဲကို ကြည့်ပေးပါ . . . (မှန်ပါ့)၊ ကြည့်ပေးလိုက်တဲ့အခါကျတော့ ပူပြန်ပြီဆိုရင် မပူတဲ့ရုပ်ပျောက်သွားလို့ ပူတဲ့ရုပ်ပေါ်တာပဲ. . . (မှန်ပါ့ဘုရား)။

ညောင်းပြန်တယ်ဆို မညောင်းတဲ့ရုပ် ပျောက်သွားလို့ ညောင်းတဲ့ရုပ်ပေါ်လာတာပဲ. . . (မှန်ပါ့)၊ ဆိုတော့ ခန္ဓာကိုယ် က တရားနာတဲ့အခိုက်အတန့်ကိုပဲ ခဏခဏ **"ဝိပရိဏာမ**

လက္ခဏံ ဒုက္ခသစ္စံ” ဆိုတဲ့အတိုင်း ဖောက်ပြန်ပျက်စီးနေတဲ့ ဒုက္ခသစ္စာကြီး ခန္ဓာကပြောတယ်. . . (မှန်ပါဘုရား)။

ဘယ်သူကပြောပါလိမ့်. . . (ခန္ဓာကပြောပါတယ်)၊ ခန္ဓာကပြောတာကို ဒကာ ဒကာမတွေက ဉာဏ်ကလေးနဲ့ ခေါင်းညိတ်လိုက်ပါ. . . (မှန်ပါ့ဘုရား)။

## ဒီဉာဏ်သည် အမှန်သိတဲ့ဉာဏ်

ခန္ဓာကပြောတာကို . . . (ဉာဏ်ကလေးနဲ့ခေါင်းညိတ်လိုက်ပါ)၊ ဉာဏ်ကလေးနဲ့ ခေါင်းညိတ်ပြီး ဘုန်းကြီးတို့ ဒကာ ဒကာမတွေက လိုက်ပြီဆိုမှဖြင့် လူပြော သူပြော လမ်းဆုံးတာလား. . . ကိုယ်ပိုင်အရိယာမျက်လုံးအမြင်နဲ့ မြင်ရတာလားလို့ မေးလို့ရှိရင် ကိုယ်ပိုင်ပါဘုရား၊ “သုတဝါ အရိယာသာဝကော” ဖြစ်သောကြောင့်၊ အကြားအမြင်များတဲ့ဉာဏ်နဲ့ တပည့်တော်တို့ကြည့်လိုက်တဲ့အတွက်၊ ဖောက်ပြန်တဲ့ဒုက္ခသစ္စာကြီး တွေ့ပါတယ်ဆိုတဲ့ဥစ္စာ၊ ဒကာ ဒကာမတို့ ဒီဉာဏ်သည် အမှန်သိတဲ့ ဉာဏ်ပဲလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့ဘုရား)။

ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ. . . (အမှန်သိတဲ့ဉာဏ်ပါ)၊ အမှန်သိတဲ့ ယထာဘူတဉာဏ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။ အဲဒီဉာဏ်ရတဲ့ဘုန်းကြီးတို့ ဒကာ ဒကာမတွေက တရားကို နားကထောင်လို့ ကြားတော့ ကြားနေတာပဲ၊ ကြားပေ

မယ့်လည်း တရားနာရင်း ကိုယ့်ဉာဏ်ကို လက်မလွှတ်လိုက်ပါနဲ့ . . . (မှန်ပါ့)။

တရားနာရင်း ကိုယ့်ဉာဏ်ကို. . . (လက်မလွှတ်လိုက်ပါနဲ့)၊ လက်မလွှတ်ဘဲနဲ့ နားကတော့ဖြင့် ကြားချင်ကြားနေမှာပဲ. . . (မှန်ပါ့ဘုရား)။

## ဉာဏ်က ခန္ဓာလှည့်ထားပါ

ကိုယ့်ဉာဏ် လက်မလွှတ်ဘဲနဲ့ ဒကာ ဒကာမတွေက ကြည့်မြဲတိုင်းကြည့်နေ၊ အို. . . ဖောက်ပြန် ပြန်ပြီ၊ ပျက်စီးပြန်ပြီ၊ ဖောက်ပြန် ပြန်ပြီ၊ ပျက်စီးပြန်ပြီလို့ ခန္ဓာလှည့်ထား. . . (မှန်ပါ့ဘုရား)။

ဦးမာဒင် ခန္ဓာလှည့်ထားရမယ်နော်. . . (မှန်ပါ့)၊ ဒကာကြွယ်တို့ ဘယ်လှည့်ထားရမတုံး. . . (ခန္ဓာလှည့်ထားရပါမယ်)၊ ခန္ဓာကို ဉာဏ်ကလှည့်ထားပါလို့ ဒကာ ဒကာမတွေ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာကို ဉာဏ်ကလှည့်ထားတော့၊ ခန္ဓာက ဒကာ ဒကာမတွေ အရင်တုန်းက မမြင်တာတွေတောင်၊ ခုနင်က အစ တွေ့သွားတော့ ဆက်ပြီးမြင်လာတယ်. . . (မှန်ပါ့)။

ဆက်ပြီးမြင်လာတဲ့အခါ ဩော်. . . ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာမှ တစ်ပါး၊ ဆင်းရဲတာအမှန်မှတစ်ပါး ဘာမှမရှိပါ

ကလားဆိုတဲ့ဉာဏ်ဟာ တစ်ခါတည်း သူများပြောလား၊ ကိုယ်တိုင်မြင်လားဆိုတာ အကဲခတ်ကြည့်. . . (ကိုယ်တိုင်မြင်ပါတယ်ဘုရား)။

ကိုယ်တိုင်မြင်ရောက်လာတယ်. . . (မှန်ပါ့)၊ ကိုယ်တိုင်မြင်ရောက်လာတော့မှ၊ ဩော်. . . ဒီကိုယ်တိုင်မြင်တဲ့ဥစ္စာက ရှေ့က စာအုပ်ဖတ်ပြီး လမ်းဆုံးတယ်. . . (မှန်ပါ့)၊ စာအုပ်ဖတ်ပြီး လမ်းဆုံးတယ်၊ တရားဟောတဲ့ ဘုန်းကြီးကဟောတော့ သူ့တရားဆီမှာ လမ်းဆုံးတယ်. . . (မှန်ပါ့)၊ ကိုယ်တိုင်မြင်မရောက်ခဲ့ဘူး. . . (မရောက်ခဲ့ပါဘူးဘုရား)။

အဲဒီတော့ ဘုရားကလည်း ငါ့အပြော ငါ့အကြိုက်ကွာ . . . တဲ့၊ ဒိဋ္ဌဓမ္မော နာတဲ့ပုဂ္ဂိုလ်၏ ဒိဋ္ဌဓမ္မဖြစ်စေချင်တယ်ကွ . . . (မှန်ပါ့ဘုရား)။

## ဘုရားက ဘယ်ဟာကြိုက်သတုံး

ဘုရားကကြိုက်တာက ဘာကြိုက်သတုံး. . . (ဒိဋ္ဌဓမ္မဖြစ်စေချင်ပါတယ်ဘုရား)၊ ဒိဋ္ဌဓမ္မောကြိုက်တယ်. . . (မှန်ပါ့)။

ဒိဋ္ဌဓမ္မောဆိုတာက ဒကာ ဒကာမတွေ အကဲခတ်ကြည့်ပါ။ ကိုယ်တိုင်မြင်တာ ကြိုက်တယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘုရားက ဘယ်ဟာကြိုက်သတုံး . . . (ကိုယ်တိုင်မြင်တာ ကြိုက်ပါတယ်ဘုရား)။

ဘုရားက ကိုယ်တိုင်မြင်တာကြိုက်တယ်၊ ဒါ့ကြောင့် ဘုန်းကြီးကလည်း မြတ်စွာဘုရား၏ တပည့်သားမြေး အရင်းအချာဖြစ်နေတော့၊ ဒကာ ဒကာမတို့ နားကြီးကြီးနဲ့ တရားနာပါဟု သတိပေးပါတယ်. . . (မှန်ပါ့)၊ ကြည့်လိုက်တဲ့အခါကျတော့ ကိုယ်တိုင်မြင်ဖြစ်ပါလိမ့်မယ်. . . (မှန်ပါ့)။

ဘယ်လိုဖြစ်ကြမယ်. . . (ကိုယ်တိုင်မြင်ဖြစ်မှာပါဘုရား)။ ဪ. . . ဒါဖြင့် ဒီနေ့တရားသည် ဒကာ ဒကာမ ကိုယ်တိုင် မြင်တရားဟောရလိမ့်မယ်. . . (မှန်ပါ့)၊ ကိုယ်တိုင်မြင်တရားကို ကိုယ်တိုင်မြင်လာပြီဆိုတော့၊ အရင်တော့ ဦးမာဒင်တို့ ဒကာကြွယ်တို့ ဦးလှဘူးတို့ အားလုံးသောပုဂ္ဂိုလ်တို့ ဘယ်လိုဖြစ်နေသတုံးဆိုတော့ စာက ဒီလိုဆိုတယ်. . . (မှန်ပါ့)၊ ဟင်. . . စာဘက်လှည့်သွားတယ် ဒကာကြွယ်ရေ. . (မှန်ပါ့)၊ ကိုယ်တိုင်မြင်ကျသေးရဲ့လား. . . (မကျပါဘုရား)။

## သူများပါးစပ်လမ်းဆုံးတယ်

ဟာ. . . ဘယ်ဆရာတော်က ဘယ်လိုဟောထားတယ်ဆိုတော့ သူများပါးစပ် လမ်းဆုံးတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် သူများပါးစပ်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ဘူး . . . (မှန်ပါ့)၊ သူများပါးစပ်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ဘူး

ဒကာ ဒကာမတို့. . . (မှန်ပါ့)၊ စာနဲ့တင် နိဗ္ဗာန်မရောက်နိုင်ဘူး . . . (မရောက်နိုင်ပါ)၊ စာက မှတ်တမ်းကိုးဗျ. . . (မှန်ပါ့)၊ မှတ်တမ်းထဲငွေမရှိသလိုပဲ။ တကယ်ဒုက္ခသစ္စာရှိတာက ခန္ဓာမှာရှိတယ်. . . (မှန်ပါ့)။

အဲဒီတော့ နားက ဘုန်းကြီးပြောတဲ့တရားကို ဦးမာဒင်တို့က နာ၊ ဒကာကြွယ်တို့က နာ၊ ဦးလှဘူးတို့က နာပြီး ဉာဏ်က ခန္ဓာစိုက်ထားပါ. . . (မှန်ပါ့)။

အားလုံး ဒကာ ဒကာမတွေ ဒါ. . . အရေးအကြီးဆုံး အချက်ကို ပြောနေပါတယ်. . . (မှန်ပါ့)၊ အရေးအကြီးဆုံး အချက်ကို ပြောနေတယ်ဆိုတာကို တရားတစ်ပွဲလုံး သေသေချာချာမှတ်ပါ. . . (မှန်ပါ့)၊ သာမည မနာပါနဲ့ဆိုတာကို လေးစားစွာနဲ့ အားလုံးကို ကယ်တင်နေတဲ့ ဆရာဖြစ်နေလို့ ဦးမာဒင် . . . လေးလေးစားစားပဲ မေတ္တာထားပြီး ပြောနေတယ်. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် နားက ဘုန်းကြီးပြောတာနာ၍ ဉာဏ်က ခန္ဓာကိုယ်လှည့်လိုက်တော့ ကိုယ်တိုင်မြင်တွေ့ရပါလိမ့်မယ်. . . (တွေ့ရပါတယ်ဘုရား)၊ ကိုယ်တိုင် မြင်တွေ့ရတော့ သူများပါးစပ် လမ်းဆုံးတာတွေ ပျောက်ပါတယ်. . . (မှန်ပါ့)။

ကိုယ်တိုင်မြင်တွေ့ရတော့ ဘာတွေပျောက်သလဲ. . . (သူများပါးစပ် လမ်းဆုံးတာတွေပျောက်ပါတယ်ဘုရား)။

ဩော်. . . သူများပါးစပ်လမ်းဆုံးတာတွေ ပျောက်တယ်ဆိုတော့၊ ဘာတွေများ ပျောက်သွားပါလိမ့်မတုံးဆိုတော့ ယောက်ျားလို့ အမေက ဆုံးမထားတာလည်း၊ ကိုယ်တိုင်မြင်ကျတော့ ယောက်ျားမဟုတ်ဘူး. . . (မှန်ပါ့)၊ နင်ဟာ မိန်းမ၊ မိန်းမပီပီနေတာမဟုတ်ဘူး. . . လို့ အမေ အဖေက ဆုံးမထားတာလည်း အဖေ အမေက မိန်းမတဲ့၊ အရပ်ကပြောကြတယ်၊ ကျုပ်မိန်းမလို့ သမုတ်ကြတယ်။ ကျုပ်ကိုယ်တိုင် ကိုယ်တိုင်မြင်တာကတော့ ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာပဲ တွေ့တယ်. . . (မှန်ပါ့) ဆိုတော့ အရပ်ပြောတွေပျောက် ကိုယ့်ကိုယ်ကိုယ် ငါပဲ၊ သူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ ထင်တာတွေပျောက်. . . (မှန်ပါ့)။

## နားကတရားနာ၊ ဉာဏ်ကခန္ဓာစိုက်

ဒါဖြင့် နားကတရားနာပြီး ဉာဏ်က ခန္ဓာစိုက်လိုက်တာ ဦးမာဒင်ရေ. . . ဒိဋ္ဌိကွာထွက်သွားတယ်. . . (မှန်ပါ့)။

နားက တရားနာပြီး ဉာဏ်က ခန္ဓာစိုက်လိုက်တာ ဘာဖြစ်သွားသတုံး. . . (ဒိဋ္ဌိကွာပါတယ်ဘုရား)၊ ဩော်. . . အဖိုးတန်လိုက်တဲ့ဖြစ်ခြင်း ဒကာကြွယ်ရေ. . . (မှန်ပါ့)၊ အင်မတန်အဖိုးတန်သွားပြီနော်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဒကာသစ်တို့ ဒီအတိုင်းသာ ဉာဏ်စိုက် စိုက်, စိုက်စိုက်ပြီးသကာလ ခန္ဓာကြည့်ကြမယ် ဆိုလို့ရှိရင်ဖြင့် ကြည့်တာနဲ့ တစ်ပြိုင်နက်တည်း ဒိဋ္ဌိကွာတယ် . . . (မှန်ပါ့)၊ ဩော် . . . အများပြောတာတွေနဲ့ မတူပါလား ဆိုလို့ရှိရင် ဒိဋ္ဌိ ကွာလို့သာမှတ် . . . (မှန်ပါ့)။

အများပြောနဲ့မတူပါလားဆိုတာ . . . (ဒိဋ္ဌိကွာလို့ပါဘုရား)၊ အင်း . . . ကိုယ်တိုင်ဆုံးဖြတ်ချက်ချလာတာကိုးဗျ . . . (မှန်ပါ့)၊ အများပြောနဲ့မတူပါကလားဆိုတာ ဦးမာဒင် ဘယ်သူဆုံးဖြတ်ချက်ချတာတုံး . . . (ကိုယ်တိုင်ဆုံးဖြတ်ချက်ချတာပါဘုရား)။

## ဒိဋ္ဌိခွာပေးနေတာ

နေရာကျလိုက်တာ . . . (မှန်ပါ့)၊ အားလုံး ဒကာဒကာမတွေ မပျင်းကြနဲ့နော် . . . ဒီနေ့ တရားဟာ အင်မတန်ကြီးတဲ့ အရေးကို စကတည်းက နားသွင်းနေတယ် သတိထားပါ . . . (မှန်ပါ့)၊ တရားပွဲအဆုံးမှာ သောတာပန်တည်တဲ့ဉာဏ်ရောက်အောင်ဖြစ်စေချင်လွန်းလို့၊ ခင်ဗျားတို့ ဝမ်းထဲက အခုသေရင် အခု အပါယ်သွားမှာ ချက်ချင်းပျောက်ပါစေလို့ တရားစကတည်းက ဒိဋ္ဌိခွာပေးနေတာ . . . (မှန်ပါ့)။

တရားစ,ကတည်းက ဘာခွာပေးနေသလဲ . . . (ဒိဋ္ဌိ ခွာပေးနေပါတယ်ဘုရား)။

သေသေချာချာ ဂရုစိုက်ကြပါ။ ဒါဖြင့် ဒိဋ္ဌိခွာနည်း နိဿရည်းက၊ စာထဲက ရုပ်နာမ်ကွဲရင် ဟောဒါ ရုပ်, ဟောဒါ နာမ်လို့ သိလို့ရှိရင်ဖြင့်၊ ဒိဋ္ဌိကွာတာပဲလို့ စာကရေးငြားသော် လည်း ခန္ဓာက အပြောမဟုတ်တော့၊ ကပ်တာက ခန္ဓာမှာ ကပ် တာ စာမှာကပ်နေတာမဟုတ်ပါဘူး. . . (မှန်ပါ့)။

ဘယ်မှာကပ်နေတာတုံး. . . (ခန္ဓာမှာကပ်နေတာပါ ဘုရား)၊ ခန္ဓာမှာကပ်နေတဲ့ ဒိဋ္ဌာနုသယကို ခန္ဓာကိုယ် ယထာ ဘူတဉာဏ်နဲ့ ခွာလိုက်တော့မှ ဒိဋ္ဌာနုသယက ကွာထွက်သွား တယ်. . . (မှန်ပါ့ဘုရား)။

## ဉာဏ်နားနဲ့ထောင်ပါ

ဒကာကြွယ်ရေ. . . သိပ်အဖိုးတန်ပါကလား. . . (တန်ပါတယ်ဘုရား)၊ ကြပ်ကြပ် ဒကာ ဒကာမတွေ ဉာဏ်နား နဲ့ထောင်ပါ၊ ဉာဏ်မျက်လုံးနဲ့ ခန္ဓာကြည့်ပါ. . . (မှန်ပါ့)။

ဉာဏ်နားနဲ့ ထောင်၍ ဉာဏ်မျက်လုံးနဲ့ ခန္ဓာကြည့်ပေး ပါဆိုတာကို ကပ်ကြီးသုံးပါးကလည်း နီးကပ်နေတာက တစ် ကြောင်း၊ ဒကာ ဒကာမတွေမှာလည်း အခုလို တရားထူး တရား မြတ်ကြီး ခန္ဓာဉာဏ်စိုက်ရတော့ ဒီကပ်ဟာ ခန္ဓာရှိလို့ လာတဲ့ ကပ်ကိုးဗျ. . . (မှန်ပါ့)၊ ခန္ဓာသိမ်းရင် ကပ်သိမ်းတာပဲ. . . (မှန်ပါ့)။

ခန္ဓာသိမ်းရင်. . . (ကပ်သိမ်းပါတယ်ဘုရား)၊ အဲဒါကြောင့် ကပ်ကိုလည်း ဘာမှမကြောက်ဘဲနဲ့ ဒကာ ဒကာမတွေက အခုအချိန် ပြီးအောင်လုပ်လိုက်. . . (မှန်ပါ့)။

## သက္ကာယဒိဋ္ဌိခွာတဲ့နည်း

အခုအချိန် ပြီးအောင်လုပ်လိုက်ဆိုတော့ကို၊ ဒီတရားပွဲမှာလည်း အားလုံး ဒကာ ဒကာမတွေ နားက ဘုန်းကြီးပြောတာကို သက္ကာယဒိဋ္ဌိခွာတဲ့နည်းကိုပြောတာ နားထောင်ပါ. . . (မှန်ပါ့)၊ ညဏ်က ခန္ဓာကြည့်လိုက်တဲ့အခါကျတော့ ဖောက်ပြန်နေတယ်၊ ပျက်စီးပြန်တယ်၊ ဖောက်ပြန်ပြီ ပျက်စီးပြန်ပြီဆိုတာတွေ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ထိုင်စက ဒကာ ဒကာမတွေ ဒါလောက်မပူဘူး၊ အောက်ပိုင်းမှာကြည့်လိုက်လို့ရှိရင်ဖြင့် နည်းနည်းပူလာပြီ. . . (မှန်လှပါ)။

အဲဒါ ဖောက်ပြန်တာပဲ. . . (မှန်လှပါ)၊ နဂိုက ပျက်စီးသွားတယ်၊ ထိုင်စ,ကဟာ ပျက်စီးပြီး အခု ဖောက်ပြန်တာနဲ့နေလိုက်တယ်. . . (နေပါတယ်ဘုရား)။

## ဖောက်ပြန်တာနဲ့ ပျက်စီးတာ

ထိုင်စ,ကဟာက. . . (ပျက်စီးသွားပါပြီဘုရား)၊ အခု

ဘာနဲ့ အတူနေသလဲ. . . (ဖောက်ပြန်တာနဲ့အတူနေပါတယ်)၊ ဟာ. . . ဒါဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေ သူများက ယောက်ျားလို့ပြောကြတယ်၊ ခန္ဓာကိုယ်ထဲတော့ ဖောက်ပြန်တာနဲ့ ပျက်စီးတာ တွေ့တယ်. . . (မှန်ပါ့)။

အင်း. . . ခန္ဓာကိုယ်ထဲတော့ ဘာတွေ့ပါလိမ့်. . . (ဖောက်ပြန်တာနဲ့ ပျက်စီးတာပဲတွေ့ပါတယ်ဘုရား)။

လှည့်ပါ လှည့်ပါ ဒကာ ဒကာမတို့ ခန္ဓာလှည့်ပါ၊ ဉာဏ်လှည့်ပါဆိုတာ အများကြီးတိုက်တွန်းတယ်၊ ဒကာကြွယ်. . . (မှန်လှပါဘုရား)။

ဘယ်လှည့်ရမတုံး. . . (ဉာဏ်လှည့်ရပါမယ်)၊ ဉာဏ်နဲ့လှည့်ပေး ဉာဏ်နဲ့လှည့်ပေးဆိုတာကို သတိပေးပါတယ်. . . (မှန်ပါ့)၊ ဉာဏ်နဲ့လှည့်ပေးကြစမ်းပါ ဦးမာဒင်တို့. . . (မှန်ပါ့ဘုရား)။

ထိုင်စတုန်းကတော့ ဒါလောက် မပူသေးပါဘူး၊ မညောင်းသေးပါဘူး၊ နည်းနည်းပူသလိုလို, နည်းနည်းညောင်းသလိုလို လာတာတွေဟာ ဒကာ ဒကာမတို့ မပူတာတွေက ပျောက်တယ်၊ ပူတာတွေက ဖောက်ပြန်လာတယ်. . . (မှန်ပါ့ဘုရား)။

မပူတာတွေက. . . (ပျောက်ပါတယ်)၊ ပူတာတွေက . . . (ဖောက်ပြန်ပါတယ်ဘုရား)။

ဒါဖြင့် မပူတာက ပျက်စီးတာ၊ ပူတာက ဖောက်ပြန်လာတယ်. . . (မှန်ပါ့)၊ ပျက်စီးတဲ့နေရာမှာ ဖောက်ပြန်တာ အစားထိုးတယ်. . . (မှန်ပါ့)။

## အနိစ္စနဲ့ သင်္ခါရ

ဒကာသစ် ဘာတဲ့တုံး. . . (ပျက်စီးတဲ့နေရာမှာ ဖောက်ပြန်တာ အစားထိုးပါတယ်ဘုရား)။

ဒါဖြင့် ပျက်စီးတာကအနိစ္စ ဖောက်ပြန်တာက သင်္ခါရ . . . (မှန်ပါ့ဘုရား)။

ပျက်စီးတာက. . . (အနိစ္စပါဘုရား)၊ ဖောက်ပြန်တာက. . . (သင်္ခါရပါဘုရား)။

ဒီဖောက်ပြန်တာကလေးဟာလည်း ဒီထက်ဖောက်ပြန်လာတော့၊ နည်းနည်းပူတာကများများပူတာဖြစ်လာပြန်တော့လည်း မူလဖောက်ပြန်တာကလေးက ပျက်စီးပြန်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အခု နည်းနည်းကြီးကျယ်တာက ဖောက်ပြန် ပြန်ပြီ . . . (မှန်ပါ့)၊ ဒါဖြင့် ဖောက်ပြန်ကလေး ပျက်စီးပြီးဖောက်ပြန်ကြီးနဲ့နေရပြန်တယ်. . . (မှန်ပါ့)၊

ခန္ဓာလှည့်ပါ. . . ခန္ဓာလှည့်ပါဆိုတာ ဒကာ ဒကာမတို့ သေသေချာချာ သတိပေးနေတယ်. . . (မှန်ပါ့)၊ ဉာဏ် ဘယ်မှ မပြေးပါနဲ့ ဒီအထဲတွင်နေကြပါစေ. . . (မှန်ပါ့ဘုရား)။

ဘဏ်ဒီအထဲတွင် နေကြပါစေဆိုတော့ ခန္ဓာက ပျက်စီးတာရယ်၊ ဖောက်ပြန်တာရယ် ပြောပါလိမ့်မယ်. . . (မှန်ပါ့)။

## ခန္ဓာက ဘာပြောသတုံး

ခန္ဓာက ဘာပြောမတုံး. . . (ပျက်စီးတာရယ်၊ ဖောက်ပြန်တာရယ် ပြောပါတယ်ဘုရား)။

ပျက်စီးတာရယ်၊ ဖောက်ပြန်တာရယ် ဒါ ဘယ်သူက ပြောတာပါလိမ့်. . . (ခန္ဓာကပြောတာပါ)၊ ဩော်. . . ခန္ဓာက ပြောတယ် ဒကာ ဒကာမတို့ လူပြော သူပြောလား၊ ခန္ဓာက ပြောတာလား. . . (ခန္ဓာကပြောတာပါဘုရား)။

နေရာကျလိုက်တာ နေရာကျလိုက်တာ ဒကာ ဒကာမတို့. . . ဘယ်လိုနေရာကျသလဲ ဆရာဘုန်းကြီးက ချီးမွမ်းထောပနာ ဩဘာပေးနေရပါလိမ့်မလဲလို့ ဒီ တရားတစ်ပွဲလုံးက အမေးထုတ်လို့ရှိရင်ဖြင့်. . . တဲ့ လူပြော သူပြောနဲ့လမ်းဆုံးလာခဲ့ရလို့ ဒုက္ခပင်လယ်ဝေခဲ့ကြရတယ်. . . (မှန်ပါ့ဘုရား)။

သူများက ယောကျ်ားရှိ၊ မိန်းမရှိမှ ဆိုလို့ ဒုက္ခပင်လယ်ဝေခဲ့ပြီ. . . (မှန်ပါ့)၊ မိန်းကလေး အပျိုအရွယ်ကလေးကလည်း ယောကျ်ားရှိမှ တင့်တယ် တယ်ထင်ပြီး လူများ သူများပြောတာနဲ့ ဒုက္ခပင်လယ်ဝေလို့ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုးထဲ ပြေးကြရတာတွေကများတယ်. . . (များပါတယ် ဘုရား)။

အဲဒီ လူပြော သူပြောတွေကို မယုံဘဲနဲ့ ခန္ဓာပြောကို ဉာဏ်ကလှည့်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ပျက်စီးဖောက် ပြန်နှစ်ခုပဲတွေ့တယ်. . . (မှန်ပါဘုရား)။

ဘာတွေ့ကြသတုံး. . . (ပျက်စီး, ဖောက်ပြန်နှစ်ခုပဲ တွေ့ပါတယ်ဘုရား)။

အင်း. . . ပျက်စီးတာရယ်, ပျက်စီးမှုကုန်သွားတော့ ဖောက်ပြန်တာနဲ့အတူ နေရစ်ရတယ်. . . (မှန်ပါ့)။

ပျက်စီးမှုကုန်သွားတော့. . . (ဖောက်ပြန်တာနဲ့အတူ နေရစ်ရပါတယ်ဘုရား)။

အဲဒီဖောက်ပြန်တာကလေးကလည်း ပျက်စီးသွားပြန် တော့ ဒိထက် ဖောက်ပြန်တာနဲ့နေရတယ်. . . (နေရပါတယ်) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခန္ဓာတစ်ကိုယ်လုံး ဒကာကြွယ်တို့, ဦးမာဒင်တို့, ဒကာသစ်တို့က စဉ်းစားကြည့်တော့ ဖောက်ပြန်, ပျက်စီးနဲ့ပဲ ခေါင်းထဲဝင်ရတော့တာပဲ. . . (ဝင်ရပါတယ်ဘုရား)။

## နှစ်ခုလှည့်နေတာ

ဖောက်ပြန်ပျက်စီးနဲ့ပဲ. . . (ခေါင်းထဲဝင်ရပါတယ်)၊ ခေါင်းထဲဝင်သည့်တိုင်အောင် ဒီနှစ်ခုလှည့်နေတာပဲ. . (မှန်ပါ့)။

ခေါင်းထဲဝင်သည့်တိုင်အောင်. . . (ဒီနှစ်ခု လှည့်နေပါ တယ်ဘုရား)။

ဩော်. . . ဒါဖြင့် လူပြော သူပြောနဲ့ ခန္ဓာပြောဖြင့် အကွာကြီးကွာ၍ အခြားကြီးခြားနေပါပေါ့လားဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်)၊ လူပြော သူပြောနဲ့ ခန္ဓာပြောဖြင့် အတော်မခြားနားဘူးလား. . . (ခြားနားပါတယ်ဘုရား)။

အဲဒီ ခြားနားတာသည် ဦးမာဒင်တခြား မမှတ်ပါနဲ့ ဒိဋ္ဌိကွာသွားတယ်. . . (မှန်ပါ့)၊ ခြားနားတာသည် ဘာပါလိမ့် . . . (ဒိဋ္ဌိကွာသွားတာပါဘုရား)။

ဒကာကြွယ်ရေ. . . တရားနာတာ အခု နာရီဝက်တောင်မှ မပြည့်သေးပါဘူးဆိုကြပါစို့နော်. . . (မှန်ပါ့)၊ ဒီ ဒိဋ္ဌိ တစ်လုံးကို ယခုကဲ့သို့ ဩော်. . . ခန္ဓာထဲမှာခုနင်က ထိုင်စနဲ့ အခု တော်တော်ကလေးထိုင်မိတဲ့အချိန်မှာ ပျက်စီးတာတွေက ပျက်စီးပြီး ဖောက်ပြန်တာတွေနဲ့ တရားနာနေရတယ်. . . (မှန်ပါ့)။

တော်တော်ကြာ ဖောက်ပြန်တာကလေးတွေ ပျက်စီးပြီး ဖောက်ပြန်ကြီးနဲ့ပဲ တရားနာနေတယ်. . . (မှန်ပါ့)။

## ဉာဏ်အမြင်နဲ့ ခန္ဓာအစဉ်ကြည့်

ဤခန္ဓာထဲမှာ လူပြော သူပြောမဟုတ်ဘဲနဲ့ ဉာဏ်အမြင်နဲ့ ခန္ဓာအစဉ်ကို ကြည့်လိုက်လို့ရှိရင်ဖြင့် ခန္ဓာအစဉ်ကဖြင့် ဖောက်ပြန်ပျက်စီးမှုတွေပဲ တွေ့တယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာအစဉ်က ဘာတွေ့ပါလိမ့်. . . (ဖောက်ပြန်ပျက်စီး မှု တွေ့ပါတယ်ဘုရား)။

ဖောက်ပြန် ပျက်စီးမှုပဲ ပြောတယ်ဆိုတဲ့ဉစ္စာ ဦးမာဒင်တို့၊ ဒကာကြွယ်တို့၊ ဒကာသစ်တို့က လူပြော သူပြောဟာ ပယ်ချလိုက်ပါ. . . (မှန်ပါ့)။

ဒကာသစ် ဘာပယ်ရမတုံး. . . (လူပြော သူပြော ပယ်ရပါမယ်ဘုရား)။

လူပြော သူပြောက မင်း ယောကျ်ား၊ မင်း မိန်းမဆိုတာ သူပြော လူပြောနဲ့ နဂိုက မှတ်ထားတာ. . . (မှန်ပါ့)၊ ယခု အချိန်ကျတော့လည်း ဒီခန္ဓာကြီးပဲ သူတို့က ယောကျ်ားလို့၊ မိန်းမလို့၊ ချစ်စရာလို့၊ ခင်စရာလို့ သူများက ပြောထားကြတယ် . . . (မှန်ပါ့)။

ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကြည့်ပါတော့မယ်ဆိုပြီး၊ ဆရာသမားစကား နားထောင်ပြီးသကာလ နားကနာပြီး ဉာဏ်က ခန္ဓာလှည့်လိုက်တဲ့အခါကျတော့၊ လူပြော သူပြောပျောက်သွားတယ်. . . (ပျောက်သွားပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဘာပျောက်သွားသတုံး. . . (လူပြော သူပြော ပျောက်သွားပါတယ်)၊ လူပြော သူပြော ပျောက်ပြီး သကာလ ဘာကို လက်ကိုင်မိလို့ပါလိမ့်မတုံး မေးတော့မှ ဖောက်ပြန်တာနဲ့ ပျက်စီးတာတွေ့လိုက်တယ်. . . (မှန်ပါ့)။

ဘာများ တွေ့လိုက်ပါလိမ့်. . . (ဖောက်ပြန်တာနဲ့ပျက်စီးတာ တွေ့ပါတယ်ဘုရား)။

ဖောက်ပြန်တာနဲ့ ပျက်စီးတာတွေ့လိုက်တော့မှ ဪ . . . လူပြော သူပြောတွေ အကုန်သွားကြတော့ဟေ့၊ တစ်လုံးမှ မမှန်ဘူးဟ၊ ခန္ဓာကပြောတာမှ အတည်ပဲ. . (မှန်ပါ့ဘုရား)။

## ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ

ဒကာကြွယ် ဘာတဲ့ဗျာ. . . (ခန္ဓာကပြောတာမှ အတည်ပါ)၊ ခန္ဓာပြောတာကို အတည်ပြုလိုက်တဲ့အခါကျတော့ မှဖောက်ပြန်တာနဲ့ ပျက်စီးတာပဲရှိတယ်ဆိုတော့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲရှိတော့တယ်. . . (မှန်ပါ့ဘုရား)။

ဘာရှိပါလိမ့်. . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပဲရှိပါတယ်)၊ ဖြစ်တာကလည်း ပျက်စီးမလို့. . . (မှန်ပါ့)၊ ပျက်တာကလည်း ပျက်စီးလို့. . . (မှန်ပါ့ဘုရား)။

ဖြစ်တာကလည်းပျက်စီးမလို့၊ ပျက်တာကလည်း ပျက်စီးခြင်းသို့ရောက်တယ် . . . (မှန်ပါ့ဘုရား)။

အင်း. . . ဖြစ်တာကလည်း ပျက်မလို့ ဒကာ ဒကာမတို့. . . (မှန်ပါ့)၊ ပျက်တာကလည်း ပျက်ခြင်းသို့ရောက်တာပဲ ရှိတယ်. . . (မှန်ပါ့)၊ ဪ. . . ဒါဖြင့် သေမှာနဲ့သေတာပဲ နှစ်ခုသာရှိပါကလား. . . (မှန်ပါ့ဘုရား)။

## သေမှာနဲ့သေတာ

ဖြစ်ပေါ်လာတာက သေမှာ. . . (မှန်ပါ့)၊ ပျက်သွားတာက သေတာ. . . (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲမှာ သေမှာနဲ့ သေတာနှစ်ခုသာ ရှိပါကလား. . . (မှန်ပါ့)၊ ဘာများရှိပါလိမ့်. . . (သေမှာနဲ့သေတာနှစ်ခုပဲရှိပါတယ်ဘုရား)။

ဒကာကြွယ် ဒါကလေး ဉာဏ် ဦးတည်လိုက်စမ်းပါ . . . (မှန်ပါ့)၊ တရားနာတဲ့ ဒကာ ဒကာမတွေ သေမှာနဲ့ သေတာကို ဉာဏ်ဦးတည်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

သေမှာနဲ့ သေတာကို. . . (ဉာဏ်ဦးတည်လိုက်စမ်းပါဘုရား)၊ သေမှာလည်း ဒုက္ခသစ္စာပဲ. . . (မှန်ပါ့)၊ မသေသေးဘူး၊ သေမှာပဲ. . . (မှန်ပါ့)၊ သေမှာ တရားသည် သေတာသို့ ရောက်သွားတဲ့အခါကျတော့လည်း ဒုက္ခသစ္စာပဲ. . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် "**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ**" သံယုတ်ပါဠိတော်မှာ. . . (မှန်ပါ့)၊ **ဒုက္ခမေဝ**= သေမယ်လို့ပေါ်လာတဲ့တရားသည်သာလျှင်၊ **ဥပ္ပဇ္ဇမာနံ** = ဖြစ်ဆဲဖြစ်၍၊ **ဥပ္ပဇ္ဇတိ** = ဖြစ်၏။ **ဒုက္ခမေဝ** = ဒုက္ခတရားသည်သာလျှင်၊ **နိရုဇ္ဈမာနံ** = ချုပ်ဆဲဖြစ်၍၊ **နိရုဇ္ဈတိ** = ချုပ်၏. . . (မှန်ပါ့)၊ ဪ. . . ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ဆဲ ဒုက္ခနဲ့ ပျက်ဆဲဒုက္ခရှိပါကလား. . . (မှန်ပါ့ဘုရား)။

ဘာများရှိကြပါလိမ့်. . . (ဖြစ်ဆဲဒုက္ခနဲ့ ပျက်ဆဲဒုက္ခ ရှိပါတယ်)၊ ဖြစ်ဆဲဆိုတာလည်း ဒုက္ခမရောက်လို့ဖြစ်တာ. . . (မှန်ပါ့)၊ ပျက်ဆဲဆိုတာက ဒုက္ခရောက်သွားတာ. . . (မှန်ပါ့)၊ ဒါဖြင့် ဦးမာဒင်တို့ ဒုက္ခရောက်မှာနဲ့ ဒုက္ခရောက်တာပဲရှိတယ် . . . (မှန်ပါ့ဘုရား)။

## စာပြောတွေအကုန်ပျောက်

ဒကာကြွယ် ဘာရှိပါလိမ့်. . . (ဒုက္ခရောက်မှာနဲ့ ဒုက္ခရောက်တာပဲရှိပါတယ်)၊ ဒကာသစ် ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါ ခန္ဓာကို ဉာဏ်နဲ့ကြည့်လိုက်တော့ လူပြော သူပြောတွေ အကုန်ပျောက်. . . (မှန်ပါ့)၊ စာပြောတွေ အကုန်ပျောက် . . . (မှန်ပါ့)၊ ကိုယ့်ဉာဏ်ထဲရောက်လာတာကဖြင့် ဖောက်ပြန်တာနဲ့ ပျက်စီးတာ ဤနှစ်ခုပဲ ရောက်လာတယ်. . . (မှန်ပါ့ဘုရား)။

ဖောက်ပြန်တာနဲ့ ပျက်စီးတာ ဤနှစ်ခုသာရောက်လာတော့ ဒုက္ခသစ္စာရောက်တယ်. . . (မှန်ပါ့)၊ ဖောက်ပြန်တာကလည်း ဒုက္ခသစ္စာ၊ ပျက်စီးတာကလည်း. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါတွေ ရောက်လာတော့ ဩော်. . . ဒါဖြင့် ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ခပ်ကျဉ်းကျဉ်းဖြင့်ကွာ မင်းတို့ ခန္ဓာ ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ကို. . . (မှန်ပါ့)၊ ခပ်ကျဉ်းကျဉ်းပြောပါရစေကွာ ရှည်မနေပါနဲ့၊ မင်းတို့ခန္ဓာထဲ ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲရှိပါတယ်တဲ့ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ခန္ဓာထဲဘာရှိပါလိမ့်. . . (ဖြစ်ဒုက္ခ, ပျက်ဒုက္ခပဲရှိပါတယ်ဘုရား)။

## လူပြော သူပြောတွေပျောက်ပြီ

ဟာ. . . ဦးမာဒင် လူပြော သူပြော ပျောက်ပြီ. . . (မှန်ပါ့)၊ ဒကာကြွယ်ဘာတဲ့. . . (လူပြော သူပြော ပျောက်ပါ ပြီဘုရား)။

လူပြော သူပြောပျောက်သွားပြီ ဒကာ ဒကာမတို့. . . (မှန်ပါ့)၊ ဉာဏ်လှည့်ပါ ဉာဏ်လှည့်ပါ ဒကာ ဒကာမတို့၊ ခန္ဓာ ဉာဏ်လှည့်တော့ ဘာပျောက်သွားသတဲ့. . . (လူပြောသူပြော ပျောက်သွားပါတယ်ဘုရား)။

လူပြော သူပြော ဆိုတာက ယောကျ်ားထင်တဲ့အမှတ်၊ မိန်းမထင်တဲ့အမှတ်. . . (မှန်ပါ့)၊ မင့်ကိုယ် ကျားကိုးစီးစားလို့ မကုန်နိုင်ဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိ. . . (မှန်ပါ့)၊ အခုတော့ဖြင့် ဖောက်

ပြန်တာနဲ့ ပျက်စီးတာချည့် တွေ့ရတဲ့အတွက်တဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ့၌၊ ဩော်. . . အကျဉ်းတရားဟောတော့ ဒုက္ခသစ္စာလို့ ပြောတာ၊ အရင်ကတော့ ဘုရားဟောစာထဲတွင် အောက်မေ့နေတာ၊ ယခုတော့ဖြင့် ခန္ဓာကပြောပါပေါ့လားလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့ဘုရား)။

## ခန္ဓာက ဒုက္ခသစ္စာလို့ပြောတယ်

ဘယ်သူကပြောပါလိမ့်. . . (ခန္ဓာကပြောပါတယ်)၊ ခန္ဓာက ပြောပြီ. . . (မှန်ပါ့)၊ ခန္ဓာကပြောတော့ ဘာလို့ပြောသတုံး. . . (ဒုက္ခသစ္စာလို့ပြောပါတယ်)၊ ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ. . . (မှန်ပါ့ဘုရား)။

ဒုက္ခက-ဒုက=ဆင်းရဲတာ၊ ခ,က = အသုံးမကျတာ၊ သစ္စာက မှန်တာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါ့ဖြင့် ဒကာ ဒကာမတို့ စက်ဆုပ်စရာ အသုံးမကျတာ၊ အမှန်ပဲသွားဖြစ်တယ်. . . (မှန်ပါ့)၊ ဒုက, ဒုကုစ္ဆိတံကိုး၊ စက်ဆုပ်အပ်တဲ့တရား၊ ခ,က အသုံးမကျတာ. . . (မှန်ပါ့)၊ သစ္စာက မှန်တာ. . . (မှန်ပါ့)၊ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပဲ တွေ့တယ်ဘုရား. . . (မှန်ပါ့ဘုရား)။

ခန္ဓာဉာဏ်လှည့်လိုက်တော့ ဘာတွေ့သတုံး. . . (စက်ဆုပ်စရာ အသုံးမကျတာ အမှန်တွေ့ပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဉာဏ်လှည့်မှ တွေ့သနော်. . . (မှန်ပါ့)၊ ဘာနဲ့လှည့်ရမတုံး. . . (ဉာဏ်နဲ့လှည့်ရပါမယ်)၊ ဉာဏ်နဲ့လှည့်လိုက်တော့မှ စက်ဆုပ်စရာ အသုံးမကျတာ အမှန်လာတွေ့တယ်. . . (မှန်ပါ့ဘုရား)။

နေရာကျပြီ၊ ဒါတွေ့ကတည်းကိုက ဒကာကြွယ်တို့၊ ဦးလှဘူးတို့၊ ဦးမာဒင်တို့က စဉ်းစားပေး၊ လူပြော သူပြောပျောက်ပြီဘုရား. . . (မှန်ပါ့)။

လူပြော သူပြောပျောက်ပြီ. . . (မှန်ပါ့)၊ လူပြော သူပြောအတိုင်း ကိုယ့်ကိုယ်က ငါ့,သူလို့ ထင်နေတဲ့ အထင်လည်း . . . (ပျောက်ပါတယ်)။

## သညာနဲ့ဒိဋ္ဌိပျောက်တယ်

ဟာ. . . ဒါဖြင့် ဒကာ ဒကာမတို့ သညာလည်းပျောက်၊ ဒိဋ္ဌိလည်း ပျောက်. . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ယမိုက်ကျမ်းများကျတော့ ဒိဋ္ဌိသညာ-ဒိဋ္ဌိနှစ်မျိုးလာတယ်. . . (မှန်ပါ့)၊ ဒိဋ္ဌိသညာလို့ရှိသေးတာကိုး၊ ဒိဋ္ဌိချည့်သက်သက်လည်းရှိတာပဲ. . . (မှန်ပါ့)၊ အဲဒီတော့ သညာလည်းပျောက် ဒိဋ္ဌိလည်းပျောက်. . . (မှန်ပါ့ဘုရား)။

သညာဆိုတာက လူပြောသူပြောမှတ်ထားတာ. . . (မှန်ပါ့)၊ ဒိဋ္ဌိကမှတ်တဲ့အတိုင်း စွဲနေတာက ဒိဋ္ဌိ. . . (မှန်ပါ့ဘုရား)။

လူပြော သူပြောမှတ်ထားတာက. . . (သညာပါ)၊ မှတ်ထားတဲ့အတိုင်း တကယ်စွဲစွဲမြဲမြဲယူလိုက်တာက. . . (ဒိဋ္ဌိပါ)၊ အဲဒီတော့ သညာရော ဒိဋ္ဌိရောပျောက်တယ်. . . (မှန်ပါ့)၊ အဖိုးတန်လိုက်တာ. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ တရားနာတာ နာရီဝက်ရှိသွားပြီ . . . (မှန်ပါ့)၊ ဘာပျောက်သွားသတုံး. . . (သညာရော၊ ဒိဋ္ဌိရော ပျောက်ကွယ်သွားပါတယ်ဘုရား)။

အဲ. . . ဒါကြောင့် စာသင်ဖူးတဲ့ကိုယ်တော်တွေ ယမိုက်တွေ ဆိုဖူးတဲ့ကိုယ်တော်တွေ "ဒိဋ္ဌိသညာ-သညာ၊ နသညာက္ခန္ဓော" ဆိုတာတွေဟာ ဒိဋ္ဌိသညာရော-ဒိဋ္ဌိရော အကုန်ပျောက်သွားတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေဟာ ဘယ်လိုဖြစ်သွားသတုံးလို့မေးတော့ ပဋိစ္စသမုပ္ပါဒ်ကလေးနဲ့ နားထောင်လိုက် . . . (မှန်ပါ့)၊ ဒီကျတော့မှ ပိုရှင်းသွားမယ်. . . (မှန်ပါ့ဘုရား)။

ဘယ်လိုပိုရှင်းသွားသတုံးဆိုတော့ ဒိဋ္ဌိသညာက ၁-နံပါတ် ဒါ ဒိဋ္ဌိရိုးရိုး. . . (မှန်ပါ့)၊ တော်တော်ကြာကျတော့ သူက ကြီးထွားလာတော့ ဒိဋ္ဌုပါဒါန်ဖြစ်မလာဘူးလား. . .

(ဖြစ်ပါတယ်)၊ အင်း. . . ဒိဋ္ဌိသညာက ဒိဋ္ဌုပါဒါန်ဖြစ်လာတယ် . . . (မှန်ပါ့ဘုရား)။

ဒိဋ္ဌုပါဒါန်က ကြီးထွားလာတဲ့အခါ သူကနေပြီး "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဆိုပြီး ဒိဋ္ဌိအုပ်ချုပ်တဲ့ကံဖြစ်လာတယ် . . . (မှန်ပါ့)၊ ကမ္မဘဝပစ္စယာ အပါယ်ဇာတိဆိုပြီး အပါယ်ကောင်ကြီးပေါ်လာတယ်. . . (မှန်ပါ့)၊ ဒီ ဒိဋ္ဌိမပြုတ်လိုက်တဲ့ဖြစ်ခြင်း. . . (မှန်ပါ့ဘုရား)။

အခုတော့ ဒကာ ဒကာမတွေနားက၊ ဘုန်းကြီးပြောတာ နာလို့ ဉာဏ်က ခန္ဓာကိုယ်လှည့်လိုက်တာ ဒိဋ္ဌိသညာလည်းပြုတ်၊ ဒိဋ္ဌုပါဒါန်လည်းပြုတ်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံလည်းပြုတ်သွားသောကြောင့် တို့အပါယ်လေးပါးမှာဖြင့် ဇာတိမဖြစ်တော့ဘူးလို့ မှတ်လိုက်. . . (မှန်ပါ့)၊ သိပ်အဖိုးတန်ပါတယ် . . . (တန်ပါတယ်ဘုရား)။

## အပါယ်လောက်မဆိုးပါဘူး

အားလုံး ဒကာ ဒကာမတွေ အပင်ပန်းခံ၊ အဆင်းရဲခံပြီး သကာလ လာကြရတယ်၊ တိုးတိုးကြိတ်ကြိတ်နဲ့ မလှည့်သာမပတ်သာနဲ့ နာကြရပေမယ့်လည်း အပါယ်လောက် မဆိုးဘူးဆိုတာလည်း သိကြပါပြီ. . . (သိပါပြီဘုရား)။

အဲဒီတော့ အဲဒီ အပါယ်ကိုသွားဖို့ကိစ္စဟာလည်း ဒိဋ္ဌိ ရှိမှသွားမယ်. . . (မှန်ပါ့)၊ ယခုတော့ဖြင့် ခန္ဓာဉာဏ်လှည့်လိုက် တော့ ဒကာ ဒကာမတွေသိတဲ့အတိုင်း ဖောက်ပြန်ပျက်စီးပဲ တွေ့ရမယ်၊ ယောကျ်ားလည်းမတွေ့ဘူး၊ မိန်းမလည်းမတွေ့ဘူး . . . (မှန်ပါ့)၊ သူများပြောထားတဲ့ အမှတ်တွေလည်း ပြုတ်ပြီ . . . (မှန်ပါ့)။

အဲဒီအမှတ်အတိုင်းကို ယူထားတဲ့အယူကော. . . (ပြုတ်ပါပြီဘုရား)၊ ကိုယ်ယူထားတဲ့အယူက ဒိဋ္ဌိအယူ. . . (မှန်ပါ့)၊ သူပြောတာ မှတ်ထားတာက အမှတ်ကိုး . . . (မှန်ပါ့)။

အဲဒီတော့ ဒိဋ္ဌိသညာရောဂါ-ဒိဋ္ဌိရောဂါပြုတ်သွားပါပြီ (မှန်ပါ့) ဒကာ ဒကာမတို့ ဒီခန္ဓာကိုယ်ကြည့်စမ်းပါ၊ ဖောက် ပြန်ပျက်စီးတာမှတစ်ပါး ဘာများတွေ့သေးသလဲ. . . (ဘာမှ မတွေ့ပါဘုရား)။

## နာကောင်းအောင်လို့ဟောတဲ့တရားမဟုတ်ဘူး

ဉာဏ်နဲ့ကြည့်စမ်းပါ၊ ဉာဏ်နဲ့ကြည့်စမ်းပါ၊ အားထုတ် နေတာ အခုဟာ. . . (မှန်ပါ့ဘုရား)၊ အားထုတ်နေတာ တရား ပွဲအဆုံးမှာ ကိစ္စပြီးအောင်လို့ ဟောနေတဲ့တရားပါ၊ နာကောင်း အောင်လို့ ဦးမာဒင်ဟောတဲ့တရားမဟုတ်ပါဘူး. . . (မှန်ပါ့)။

## နတ်သုဂတိရောက်တယ်

တစ်နည်းအားဖြင့်လည်း အင်္ဂုတ္တိုရ်ပါဠိတော်အလို ပြောရမယ်ဆိုရင် ဘုရားဟောထားတဲ့သဘောဆိုလို့ရှိရင်ဖြင့်၊ ဒီဘဝက - စုတေနတ်သုဂတိရောက်၊ နတ်သုဂတိရောက်သည်နဲ့ တစ်ပြိုင်နက်တည်း၊ အိပ်သောယောက်ျား နိုးသောလားကဲ့သို့ နတ်ဘုံဗိမာန်ထဲမှာ ငါသည်လူ့ပြည်မှာ တရားအားထုတ်လာပါကလားဆိုတာ ချက်ချင်းသတိပေါ်ပြီး၊ နတ်ဉာဏ်နဲ့ ခန္ဓာကြည့်လိုက်တော့၊ ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ တစ်ခါတည်း နတ်မျက်လုံးနဲ့ ဆိုတော့ ကျုပ်တို့အမြင်ထက် ရှင်းသွားတယ် (မှန်ပါ့ဘုရား)။

## သောတာပန်အစစ်တည်တယ်

ဖောက်ပြန်ပျက်စီးတာ မြင်လာတယ် (မှန်ပါ့) အဲဒီဗိမာန်ထဲမှာ သောတာပန်အစစ်တည်တယ် (မှန်ပါ့) ဘယ်လောက်ကျေးဇူးများတယ်ဆိုတာပေါ်ပလား . . . (ပေါ်ပါပြီ) အဲဒါက ဒုတိယဘဝရောက်ပြီးတည်ပုံပြောပါတယ်. . . (မှန်ပါ့ဘုရား)။

ကဲ . . . ဒီဘဝတည်ပုံကလေး အမြင်မှန် ပြောကြပါဦးစို့ (မှန်ပါ့) ဒီဘဝ တည်ပုံကလေး အမြင်မှန် ပြောကြပါဦးစို့ ဆိုတော့ ဒကာကြွယ် ဒီဟာလည်း တော်တော် အရေးတကြီး နားထောင်ရမယ် . . . (မှန်ပါ့ဘုရား)။

ဒီဟာ တော်တော်အရေးတကြီးနားထောင်ရမယ် ဒကာ ဒကာမတို့ . . . (မှန်ပါ့) ခုနင်က အမြင်ပေါ်မှာ အမြင်ဆုံးရလိမ့်ဦးမယ် (မှန်ပါ့) ခုနင်က အမြင်မှန်သာရတယ် အမြင်မဆုံးသေးဘူး . . . (မှန်ပါ့ဘုရား)။

## အမြင်မဆုံးသေးဘူး

အမြင်တော့ . . . (မဆုံးသေးပါဘူး) အမြင်မှန်တော့ ရထားပြီတဲ့ အမြင်မှန်၏ လမ်းဆုံးရောက်ပလားလို့ မေးတော့ မဆုံးသေးဘူး . . . (မဆုံးသေးပါဘုရား)။

ဒါဖြင့် . . . အမြင်မှန်ကနေပြီး အမြင်မှန်လမ်းဆုံးကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တက်ပါဦး . . . (မှန်ပါ့ဘုရား)။

အမြင်မှန်ကနေပြီး . . . (အမြင်မှန်လမ်းဆုံးကို တက်ရပါမယ်) အမြင်မှန်လမ်းဆုံးတက်ပါဦးဆိုတာကိုလည်း ဒကာကြွယ်ပြောရလိမ့်မယ် . . . (မှန်ပါ့) ဘာ့ကြောင့်တုံးဆို တော့ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးက ဒါရုစိရိယတို့လို ဖြစ်မှာစိုးရတယ် (မှန်ပါ့ဘုရား)။

## ဒါရုစိရိယ

ဒါရုစိရိယဟာ အခုတရားနာလို့ အခုပဲသောတာပန် သကဒါဂမ်, အနာဂါမ်, ရဟန္တာ ဘုရားခြေဖမိုးကိုင်ရင်းဖြစ်သွား

တယ် (မှန်ပါ့) တပည့်တော် သက်န်းဝတ်ပါရစေတော့ဘုရား တဲ့၊ သူက သင်္ကန်းမလှူဖူးတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ မင်းကွာ သင်္ကန်းရှာချေဦး၊ သုသာန်တို့ ဈေးတို့မှာ အဝတ်စုတ်တွေ သွားရှာချေဦး (မှန်ပါ့) ဟာ . . . ရှာချေဦးမယ်ဘုရားဆိုပြီး ရှာရင်းမတွေ့နဲ့ နွားဝှေ့ သေရတယ် . . . (မှန်ပါ့ဘုရား)။

သင်္ကန်းဝတ်မလို့ သင်္ကန်းရှာသွားတာ ဒကာကြွယ် ဝတ်လိုက်ရသလား၊ အသေက စောသွားသလား . . . (အသေက စောသွားပါတယ်ဘုရား)။

## အမြင်လမ်းဆုံးလိုက်မှအေးမယ်

ခန္ဓာကိုယ်ဆိုတာက ဒကာ ဒကာမတို့ အသေနေရာ ရွေးသလားလို့မေးရင် ဘယ့်နှယ်ဖြေမလဲ . . . (မရွေးပါ ဘုရား)။

အဲဒီတော့ သူဒီအထဲမှာပဲ ကျန်းမာတုံး ဒီထဲမှာပဲ အမြင်လမ်းဆုံးလိုက်တာက အေးတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီထဲမှာ အမြင်မှန်ရတဲ့ဥစ္စာဘုရား . . . နောက်မှ လမ်းဆုံးပြပါဆိုလို့ရှိရင် မတော်ဘူး . . . (မတော်ပါဘုရား)။

အဲဒီတော့ နာရီကလည်း ကျန်နေသေးတဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမြင်မှန် လမ်းဆုံးကလေး လိုက်ပါဦး . . . (မှန်ပါ့) အမြင်မှန် လမ်းဆုံးကလေးလိုက်ပါဦး

(မှန်ပါ့) အမြင်မှန် လမ်းဆုံးကလေးလိုက်ပါဦးဆိုတာ ကဲ . . . ဖောက်ပြန်ပျက်စီးတာကို ကြည့်လိုက်ပါဦး . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ယောကျ်ားတွေ, မိန်းမတွေ တွေ့သေး သလား ဖောက်ပြန်ပျက်စီးတာကေန်ပဲလား . . . (ဖောက်ပြန် ပျက်စီးတာ ကေန်ပါဘုရား)။

ဖောက်ပြန်ပျက်စီးတာကေန်ပဲလို့ မျက်လုံးမှိတ်ပြီ ဉာဏ် ကလေးနဲ့ကြည့် . . . (မှန်ပါ့ဘုရား) ဆက်ကြည့် . . . ဆက်ကြည့်၊ ဆက်ကြည့်ရင်းမတ္တနဲ့ ဖောက်ပြန်ပျက်စီးမှုကြီ ၁ည်ကားလို့ဆိုလို့ရှိရင် တခြားသောတရားမဟုတ်ပါဘူး ဒကာ ဒကာမတို့၊ ရုပ်တို့၏ ဖောက်ပြန်ပျက်စီးမှု-နာမ်တို့၏ ဖောက်ပြန် ပျက်စီးမှုမှတစ်ပါး ဘာရှိသေးသတုံး . . . (ဘာမှမရှိပါဘုရား)

ဩော် . . . ဒါဖြင့်-ဖောက်ပြန်ပျက်စီးနေတာကြီ ကိုယ်က စောင့်ပြီးကြည့်နေရတော့ နားကလည်း တရားနာလျက် ဉာဏ်ကလည်းစောင့်ကြည့်နေလျက် ခန္ဓာပေါ်မှာ . . . (မှန်ပါ့ ဖောက်ပြန်ပျက်စီးမှုကြီးကလည်း လမ်းဆုံးရဲ့လား . . . (မဆုံ ပါဘုရား)။

တော်တော်နေဖောက်ပြန်, ပြန်ပြီ၊ ခဏကလေးေ ဖောက်ပြန်ပျက်စီး၊ ဖောက်ပြန်ပျက်စီး-ဖောက်ပြန်ပျက်စီးနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒါနဲ့ပဲနေရတယ် . . . (ေ ရပါတယ်) ဉာဏ်ကလည်းကြည့်လျက်ပဲ ဒကာသစ် ဖောက်ပြ ပျက်စီးကလည်း မရပ်မစဲ . . . (မရပ်ပါဘုရား)။

## ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးပဲ

ဖောက်ပြန်ပျက်စီးကဘာတဲ့ . . . (မရပ်မစဲပါဘုရား) ဉာဏ်ကလည်း ကြည့်လျက်ပဲ . . . (ကြည့်လျက်ပါဘုရား) ဩော်-ဒီအဖြစ်မျိုးကြီးဟာဖြင့် အဖြစ်ဆိုးပဲ . . . (မှန်ပါ့)။

ဒီအဖြစ်မျိုးဟာဖြင့် . . . (အဖြစ်ဆိုးပါဘုရား) ဩော်-ဒီအဖြစ်မျိုးဟာဖြင့် အဖြစ်ဆိုးပဲလို့ သိလာရင် ဒါ ပါဠိလိုသုံးရင် နိဗ္ဗိန္ဒဉာဏ် (မှန်ပါ့) မြန်မာလိုတော့ဖြင့် ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးပဲဆိုရင် ဒါ. . . ပြီးတာပါပဲ . . . (မှန်ပါ့)။

ဒီအဖြစ်မျိုးဟာ (အဖြစ်ဆိုးပါဘုရား) အဖြစ်ဆိုးလို့ပဲ ဆိုတာလည်း စာလိုသုံးတော့ နိဗ္ဗိန္ဒဉာဏ် ခေါ်တယ် . . . (မှန်ပါ့) မြန်မာလိုတော့ ဩော်-ဒီအဖြစ်ကြီးဟာတယ်ဆိုးပါကလားလို့ ကိုယ့်ခန္ဓာကိုယ်ကြည့်ပြီး ဆိုးမှန်းသိတာ နိဗ္ဗိန္ဒဉာဏ်တက်တာ မှတ်လိုက်ပါ . . . (မှန်ပါ့)။

## တယ်ဆိုးပါလား

ဒီအဖြစ်မျိုးဟာ တယ်ဆိုးပါကလားလို့ ကိုယ့်ဉာဏ်ထဲမှာ ပေါ်လာရင် စာလို ဘာတဲ့တုံး . . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား) မြန်မာလို ပြောပါဆိုတော့ ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးပါကလားလို့ ဆုံးဖြတ်ချက်ချလိုက်တာ ဒါ. . . နိဗ္ဗိန္ဒဉာဏ်ဖြစ်သွားတာပဲ. . . (မှန်ပါ့)။

ဒကာကြွယ် ပါဠိမတတ်ပေမယ့်အရေးမကြီးဘူး (မှန်ပါ) ကိုယ့်ဘာသာနဲ့ကိုယ်နားလည်မှုအရေးကြီးပါတယ် . . . (မှန်ပါ ဘုရား)။

## ကိုယ့်ဟာကိုယ်နားလည်ကြတယ်

ဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားဟောတဲ့အခါ ကျတော့၊ လူမျိုးတစ်ရာ့တစ်ပါးလာပြီးနားထောင်ကြငြား သော်လည်း၊ ကိုယ့်ဘာသာနဲ့ကိုယ်နားလည်ကြတယ် . . . (မှန်ပါ) ကိုယ့်ဘာသာနဲ့ကိုယ်ကျွတ်တမ်းဝင်ကြတယ် . . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ကောင်းပြီ . . . တဲ့၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒီအဖြစ် မျိုးဟာ အဖြစ်ဆိုးကြီးပါကလားဆိုတာ ဘာဉာဏ်တုံး . . . (နိဗ္ဗိန္ဒာဉာဏ်ပါဘုရား)။

ကြည့်ပေးပါ . . . ကြည့်ပေးပါ၊ ဒါကြပ်ကြပ်ကြည့်ပေး ပါ ပေါ်လာတိုင်း ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပဲ-ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပဲ . . . ဖောက်ပြန်ပျက်စီးနေတာကြီးဟာ ဒီအဖြစ် မျိုးဟာ အဖြစ်ဆိုးကြီးပဲ၊ ဒီထက်အဖြစ်ဆိုးမရှိတော့ဘူး . . . (မှန်ပါ)။

## နိဗ္ဗိန္ဒဉာဏ်

ဒီလိုများ မြင်မြင်-မြင်မြင်လာလို့ရှိရင်ဖြင့် ပါဠိလို နိဗ္ဗိန္ဒဉာဏ်၊ မြန်မာလိုတော့ ဒီအဖြစ်မျိုးဟာအဖြစ်ဆိုးလို့သိမှုပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒီအဖြစ်မျိုးဟာ. . . (အဖြစ်ဆိုးပါဘုရား) အဲ. . . ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးလို့သိလို့ရှိရင် တော်ပြီ . . . (မှန်ပါ့)။

ကိုင်း. . . ဒီလိုနဲ့ပဲ ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးပဲ ဆိုပြီး သကာလ ဒကာ ဒကာမတွေက ကြည့်ရင်း၊ ကြည့်ရင်းနဲ့ပဲ လိုချင် စရာ၊ ရချင်စရာမရှိပါကလားဆိုတဲ့ဥစ္စာ ဆက်ပြီး ဒီဉာဏ်ဟာ လာမလား၊ မလာဘူးလား၊ အကဲခတ်ကြည့်စမ်း (လာပါတယ်ဘုရား)။

ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပဲလို့ မြင်တိုင်းမြင်တိုင်း ဒီအဖြစ်ဆိုးကြီးဖြင့် လိုချင်စရာ, ရချင်စရာ လုံးဝမရှိပါကလား ဆိုတဲ့ ဉာဏ်သည် တက်မလား - မတက်ဘူးလား. . . (တက်ပါ တယ်ဘုရား) ဆက်သာကြည့်တက်ရမယ် (မှန်ပါ့)။

ဆက်သာကြည့်ပါ ဒကာ ဒကာမတို့ မတက်မရှိပါဘူး၊ ဆက်သာကြည့်ပါ တက်ရမှာ ကေန်ပဲဆိုတာ ဒကာကြွယ် မှန်တယ်မဟုတ်လား . . . (မှန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဦးမာဒင်တို့ ဒကာသစ်တို့ဘက်ကလည်း ဒီအဖြစ်မျိုးနဲ့ ဒီအဖြစ်ဆိုးကြီးတို့ တွေ့လေလေ မရှောင်တမ်း ကြည့်လေလေ ကြည့်စမ်းပါ . . . (မှန်ပါ့)။

## စားရင်းနဲ့ မစားချင်တာပေါ်လိမ့်မယ်

ကြည့်နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီး ရှင်းပြပါ့မယ် . . . (မှန်ပါ့) ဝက်သား၊ ကြက်သား၊ ဒံပေါက်၊ ထောပတ် ထမင်းသည် စားရင်းနဲ့ မစားချင်တာ ပေါ်လိမ့်မယ် . . . (မှန်ပါ့ ဘုရား)။

စားရင်းနဲ့ . . . (မစားချင်တာပေါ်လာမှာပါ) ရော. . . စားရင်းနဲ့ မစားချင်တာ ပေါ်လိမ့်မယ်ဆိုတဲ့ဥစ္စာ ဟုတ်သားပဲ . . . ဦးမာဒင်ရ . . . စားရင်းနဲ့ပဲ တော်ပြီကွာ ဖြစ်လာတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

စားရင်းနဲ့ . . . (တော်ပြီကွာဖြစ်လာပါတယ်) ဒါဖြင့်. . ပထမ စားစကတော့ဖြင့်တဲ့ ကောင်းသလိုလိုနဲ့ တော်တော် အလယ်ပိုင်းကျလာတဲ့အခါ ခပ်အီတောက်တောက်ဖြစ်လာတယ် (မှန်ပါ့)၊ ခပ်အီတောက်တောက် ဖြစ်လာတာသည် နိဗ္ဗိန္ဒဉာဏ်ဝင်လာတာ မစားချင်တော့ဘူး . . . (မှန်ပါ့ဘုရား)။

နောက်ကျတော့ တော်ပြီကွာ၊ ထည့်တဲ့လူက သုံးဆောင်ပါဦးဆိုပြီး ထည့်ပြားသော်လည်း ခင်ဗျားတို့က လက်ကာတယ် (မှန်ပါ့)။

## တော်ပြီ ကျုပ်ဒုက္ခဖြစ်လိမ့်မယ်

တော်ပြီ-တော်ပြီ ကျုပ်ဒုက္ခဖြစ်လိမ့်မယ်တဲ့ . . . (မှန်ပါ့) မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒုက္ခဖြစ်ရမှာတုံး . . . စားမှုကြောင့် ဒုက္ခဖြစ်လိမ့်မယ်ပြောတာ . . . (မှန်ပါ့ဘုရား)။

အဲဒီကျတော့ တော်ပြီလို့ပြောတာ ဒုက္ခအစမြင်လို့ မလိုချင်တော့ဘူးပြောတာ . . . (မှန်ပါ့) စားရင်းက မစားချင်တော့ဘူး . . . (မှန်ပါ့ဘုရား)။

ဒီမှာလဲရှုရင်း မရှုချင်လာတာသည် ဒကာ ဒကာမတို့ စားရင်းတော်ပါပြီ၊ မရချင်တော့ပါဘူးဆိုတာ ထမင်းကောင်းကောင်းစားရင်းနဲ့ မစားချင်တဲ့ဉာဏ်လို၊ ဒီမှာလည်းကြည့်ရင်းမတ္တနဲ့ ရှုရင်းမတ္တနဲ့ မရချင်ဘူး ဖြစ်လာတာသည် မဂ်ဉာဏ်ပဲ . . . (မှန်ပါ့) အီတောက်ကြီးဖြစ်လာတာက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ။ နိဗ္ဗိန္ဒ ဖြစ်လာတယ်. . . နိဗ္ဗိန္ဒ (မှန်ပါ့) မစားချင်တဲ့စိတ်လုံးလုံး ပေါ်လာတာ ကမဂ်ဉာဏ် (မှန်ပါ့ဘုရား)။

## မလိုချင်တာဘာခေါ်ကြမယ်

ဒီမှာလည်းကြည့်ရင်း မတ္တနဲ့ မုန်းလာတာက နိဗ္ဗိန္ဒဉာဏ် (မှန်ပါ့) မစားချင်သလို မလိုချင်တာက ဘာခေါ်ကြမယ်. . . (မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် ပထမကြည့်ပြီး အီတောက်ကြီးဖြစ်အောင် စားသလို၊ မစားချင်ဘဲနဲ့ ရွံရွံနဲ့ပဲ ဝမ်းပြည့်သိပ်နေတဲ့ ဥစ္စာသည် ဒကာကြွယ် နိဗ္ဗိန္ဒ . . . (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

နောက်ကျတော့ ဘယ်လိုပဲရှာလပတ်ရည်သောက်ပါဦး အင်း. . . ဘိလပ်ရည်အမျိုးမျိုးနဲ့ပဲ ဖျော်ရည်တွေသောက်ပါ ဦး. . . တော်ပြီ တော်ပြီ မရတော့ဘူးဗျာ . . . အစရှိသည်နဲ့ လက်ကာ ပါးစပ်ကလည်းပြော . . . (မှန်ပါ့)။

ဦးမာဒင် ဒါ. . . ဘယ်သူ့ မစားချင်တာတုံးဆိုတော့ ခုနင်က ကြိုက်တဲ့ ထောပတ်ထမင်းကို မစားချင်တာ၊ ဒံပေါက် ထမင်းကို မစားချင်တာ . . . (မှန်ပါ့ဘုရား)။

ဒီလိုပဲ နဂိုကခင်နေတဲ့ ခန္ဓာကြီးကိုပင်လျှင်၊ မုန်းရာက နေပြီး မလိုချင်တာ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

## မလိုချင်တာမဂ်ဉာဏ်

မုန်းရာကနေပြီး ဘာပါလိမ့် . . . (မလိုချင်တာပါ) မလိုချင်တာ မဂ်ဉာဏ်မှတ်လိုက် . . . (မှန်ပါ့ဘုရား)။

မလိုချင်တာ . . . (မဂ်ဉာဏ်ပါ) အဲဒီတော့ ထောပတ် ထမင်းဟာ သူ့ဟာသူ ပန်းကန်ပြားနဲ့ နေပြောသော်လည်း ကျပ်

တို့နဲ့ အဆက်အသွယ်ကင်းတယ် . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါပြီဘုရား)။

ကျုပ်တို့နဲ့တော့ (အဆက်အသွယ်ကင်းပါတယ်) ဒီခုံကြီးနဲ့ စားပွဲခင်းဖြူဖြူနဲ့ ရေမွှေးတွေပက်လို့ လက်သုတ်ပဝါတွေမှာ အမျိုးမျိုးအဖုံဖုံ ပြင်ဆင်ထားလိုက်တာ ယင်တစ်ကောင် မသန်းပါဘူး (မှန်ပါ့ဘုရား)။

ဒါလောက်ပဲ ဟိုတယ်မှာ သန့်ရှင်းသလောက်ပဲ သန့်ရှင်းအောင် လုပ်ထားသော်ငြားလည်း ဦးမာဒင် ဒီထမင်းပွဲပြန်ကြည့်ချင်သေးရဲ့လား . . . (မကြည့်ချင်ပါဘုရား)။

ဟာ. . . နဂိုက စားနေတာ၊ စားရာကမုန်း၊ မုန်းရာက မကြည့်ချင် . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

နဂိုက ယထာဘူတဉာဏ်နဲ့ ကြည့်လိုက်ကတည်းက ဒကာ ဒကာမတွေ အမှန်သိတယ် (မှန်ပါ့) အမှန်သိလို့ ဆက်ကြည့်တော့ မုန်းတယ် . . . (မှန်ပါ့) မုန်းရာကနေပြီး မလိုချင် (မှန်ပါ့ဘုရား)။

ဒါဖြင့် ယထာဘူတဉာဏ်ရရင် နိဗ္ဗိန္ဒဉာဏ်ရလိမ့်မယ် (မှန်ပါ့) နိဗ္ဗိန္ဒဉာဏ်ရရင် မလိုချင်တဲ့ဉာဏ်ဟာ . . . (ရမှာပါဘုရား)။

ရတော့ကို ခုနင်က ထမင်းစားပွဲ ပြန်ကြည့်ပါဦးဆိုတော့ ဒကာကြွယ် - ကြည့်ချင်သေးရဲ့လား . . . (မကြည့်ချင်ပါဘုရား)။

မဟုတ်ပါဘူးဗျ ဟိုမှာ ခင်ဗျားတို့နဲ့ ထိုင်စားမှ ကောင်းမည့် ဧည့်သည်ကလာတယ်၊ ခင်ဗျားတို့ ထိုင်ရုံကလေး ထိုင်စမ်းပါဦးဆိုတာတောင် ဒကာကြွယ် အားနာပါးနာ ထိုင်ဦးမလား၊ မထိုင်တော့ဘူးလား . . . (မထိုင်တော့ပါဘုရား)။

ဘာဖြစ်လို့ မထိုင်တာတုံး၊ လုံးဝ မဆက်သွယ်ချင်တော့ဘူး (မှန်ပါ့) သူနဲ့တွေ့ရရင်ပဲ ဥပါဒ်ရောက်တော့မယ် ကိုယ်မှာ (မှန်ပါ့) ဒီအခြေအနေ မဆိုက်သေးဘူးလား . . . (ဆိုက်ပါတယ်ဘုရား)။

## ဒီခန္ဓာကြီးကိုမရချင်တဲ့ဉာဏ်

အဲဒီအတိုင်းပါပဲ ဒကာ ဒကာမတို့ ဒီခန္ဓာကြီးကိုပဲ မရချင်တဲ့ဉာဏ်ဟာ ဘာဉာဏ်တုံး . . . (မဂ်ဉာဏ်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီခန္ဓာကြီးနဲ့ကိုယ်မဆက်သွယ်ချင်တဲ့ဉာဏ်သည်. . . (မဂ်ဉာဏ်ပါဘုရား) ဒါဖြင့် မဆက်သွယ်ချင်တော့ ခုနင်က ထောပတ်ထမင်းကတော့ လူကမရွှေ့တော့ စားပွဲကြီးကျန်နေရစ်သေးတယ်. . . (မှန်ပါ့ဘုရား) ခင်ဗျားတို့မှာ အားထုတ်ရင်း

မတ္တာနဲ့ ဒီခန္ဓာကြီး တကယ် မလိုချင်ဘူးဆိုတော့ စားပွဲကျန်သလို မကျန်ဘဲနဲ့ ကျန်တဲ့ရုပ်နာမ်ဟာ အကုန်ပျောက်လိမ့်မယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ရုပ်နာမ်ဆုံးရင်နိဗ္ဗာန်

ဘာပျောက်မတုံး . . . (ကျန်တဲ့ရုပ်နာမ် အကုန်ပျောက်ပါတယ်) ဒကာကြွယ် ရုပ်နာမ်တွေ အကုန် ပျောက်လိမ့်မယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ) ဒါဖြင့် ရုပ်နာမ်ဆုံးရင် နိဗ္ဗာန်ပဲ . . . (မှန်ပါ့ဘုရား)။

ရုပ်နာမ်ဆုံးရင် . . . (နိဗ္ဗာန်ပါ) ဩော်. . . နိဗ္ဗာန်ဆိုတာ တခြားလားမှတ်တယ်၊ ကိုယ်ရွံမုန်းနေတာကြီး ပျောက်သွားတာကိုး. . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်

ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် . . . (ကိုယ် ရွံ့မုန်းနေတာကြီး ပျောက်သွားတာပါဘုရား)။

ဒါဖြင့် ရွံမုန်းနေတာ ပျောက်လို့ရှိရင် အန္တရာယ်ကင်းလို့ ဘေးရှင်းတာ ဆိုရမယ် . . . (မှန်ပါ့)။

ရွံမုန်းနေတာကြီး ရှာမတွေ့ပါဘူး ဆိုကတည်းက ဒကာကြွယ်ရာ ဝင်္ကကျွတ်တာပဲ . . . (မှန်ပါ့) အိမ်နားမှာ ခွေးသေ

ကောင်ပုပ်ကြီး မရှိတာများ တို့အကျေနပ်ကြီးမကျေနပ်ဘူးလား . . . (ကျေနပ်ပါတယ်) နဂိုရှိတုန်းကရွံမုန်းနေတာကိုး (မှန်ပါ့) အခုတော့မရှိတော့ ဘယ့်နှယ်ဖြစ်နေကြသလဲ (ကျေနပ်ပါတယ်ဘုရား)။

ထို့အတူပဲ ဒီခန္ဓာကြီးဟာ အဲဒီအချိန်ကျလာတော့ ဒုက္ခသစ္စာ ခွေးသေကောင်ပုပ်ကြီး ဖြစ်ပြီးသကာလ သူလည်းမရှိဘူးဆိုတော့ အေးပေပေါ့ဟော့. . . ချမ်းသာပေပေါ့ဟော့လို့ ဝမ်းထဲမှာ ဟဒယသုသီတလဆိုတဲ့ နှလုံးအေးတဲ့ မဂ္ဂင်ပေါ်လာတယ် (မှန်ပါ့) မပေါ်ကြလား . . . (ပေါ်ပါတယ်ဘုရား)။

ဘာပေါ်ပါလိမ့် . . . (နှလုံးအေးတဲ့မဂ္ဂင် ပေါ်လာပါတယ်) နှလုံးအေးတဲ့မဂ္ဂင် ပေါ်လာတယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ မစားချင်အောင်, မလိုချင်အောင် ခန္ဓာကို ဒကာ ဒကာမတို့ ခုနင်က ဖောက်ပြန်ပျက်စီးတာကို မလိုချင်သည့်တိုင်အောင် ကြည့်လိုက်လို့ရှိရင် ခန္ဓာပျောက်ပါတယ် (မှန်ပါ့ဘုရား)။

## ဒုက္ခပျောက်တော့ ရင်ထဲအေးသွားတယ်

ခန္ဓာပျောက်တော့ ခွေးသေကောင်ပုပ်အိမ်နားမှာ ပျောက်သွားတော့ ဦးမာဒင်တို့ ဝမ်းသာတယ် . . . (ဝမ်းသာ

ပါတယ်) ဒီမှာလည်း ဒုက္ခပျောက်တော့ ရင်ထဲအေးသွားတယ် (မှန်ပါ့)။

ရင်ထဲအေးသွားတာသည် တခြားမဟုတ်ပါဘူးတဲ့ ဒကာ ဒကာမတို့ ပဏ္ဏာသအဋ္ဌကထာမှာလည်း လာပါတယ်။ ရေအိုးတစ်ထောင်နဲ့ လောင်းလို့အေးဘိသကဲ့သို့ အေးသွားပါတယ်ကွာ (မှန်ပါ့) နိဗ္ဗာန်မြင်တဲ့အခါ ဒုက္ခချုပ်တာမြင်တဲ့အခါ ဒီအတိုင်း အေးသွားပါလိမ့်မယ် . . . (မှန်ပါ့) ရေခဲအေးသလို အေးတာလားလို့ဆိုတော့ မဟုတ်ဘူး၊ ဝန်ကျတဲ့ အအေးမျိုး မှတ်. . . (မှန်ပါ့ဘုရား)။

ဘယ်လိုအအေးမျိုးပါလိမ့် . . . (ဝန်ကျတဲ့အအေးမျိုးပါ) ဝန်ကျတဲ့အအေးမျိုးလို့ သေသေချာချာမှတ်ပါ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဒါဖြင့် ခင်ဗျားတို့ ဖောက်ပြန်ပျက်စီးတာကို ၁-နံပါတ်မြင်အောင်ကြည့်ပါ (မှန်ပါ့) ၂-နံပါတ်က ဖောက်ပြန်ပျက်စီးတာကို မုန်းအောင်နေကြည့်ပါ (မှန်ပါ့ဘုရား)။

၃-နံပါတ်က ဖောက်ပြန်ပျက်စီးနေတာကြီးကို ဒကာ ဒကာမတွေ ရုပ်ကြိုက်, ရုပ်ကြည့်၊ ဝေဒနာကြိုက်, ဝေဒနာကြည့်၊ စိတ်ကြိုက်, စိတ်ကြည့် (မှန်ပါ့) ကြိုက်တာကြည့်၊ တွေ့တော့ဖြင့် ဖောက်ပြန်ပျက်စီးတာပဲတွေ့ရမယ် (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ တွေ့လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက မလို

ချင်တော့ဘူးဆိုရင်ဖြင့် မင်္ဂဆိုက်ပြီလို့ အောက်မေ့ . . . (မှန်ပါ့ဘုရား)။

## မလိုချင်တဲ့အချိန်မင်္ဂဆိုက်တယ်

မလိုချင်တဲ့အချိန်မှာ မင်္ဂဆိုက်တယ် သေသေချာချာပြောလို့ရှိရင်ဖြင့် ရှေ့မှာ ခန္ဓာပျောက်ပါတယ် (မှန်ပါ့) ရှေ့ခန္ဓာ ပျောက်လို့ရှိရင် မလိုချင်တဲ့ မင်္ဂဉာဏ်ရောက်လို့သာ မှတ်ပေတော့ (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားဘယ်ကနာကြရမယ် (နားကနာရပါမယ်) ဉာဏ်က ဘယ်လှည့်ရမယ် . . . (ခန္ဓာလှည့်ရပါမယ်) သုံးခါလှည့်ရင် နိဗ္ဗာန်ရောက်ပါတယ် . . . (မှန်ပါ့ဘုရား)။

သုံးခါအတိုင်း ဉာဏ်ရင့်ပြီး လှည့်လိုက်လို့ရှိရင် နိဗ္ဗာန်ရောက်ပါတယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုရားမရှိပြားသော်လည်း ဉာဏ်လှည့်တာလိုရင်း ပါပဲ (မှန်ပါ့ဘုရား)။

ဘုရားမရှိပြားသော်လည်း (ဉာဏ်လှည့်တာ လိုရင်းပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## တရားဘယ်မှာရှာရမှာတုံး

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားဘယ်ရှာရမတုံးလို့ မမေးပါနဲ့တော့ ခန္ဓာ၏ မပူရာက ပူလာတယ် . . . (မှန်ပါ့) မညောင်းရာက (ညောင်းလာပါတယ်) မကိုက်ရာက

(ကိုက်လာပါတယ်) မပေါ်သေးတဲ့စိတ်က ပေါ်လာတယ်. . . (မှန်ပါ့) မပေါ်သေးတဲ့ဝေဒနာပေါ်လာတယ်. . . (မှန်ပါ့) ဒါတွေ ဘာတွေပါလိမ့်မတုံး . . . (တရားပါ) တရားတွေပဲ. . . (မှန်ပါ့) သူကြည့်လိုက်တော့ တရားတွေပဲလို့ ကြည့်လိုက်တော့ ဖောက် ပြန်ပျက်စီးတာသွားတွေ့တယ် (မှန်ပါ့ဘုရား)။

တရားတွေရယ်လို့ ကြည့်လိုက်တဲ့အခါ . . . (ဖောက် ပြန်ပျက်စီးတာ သွားတွေ့ပါတယ်ဘုရား)။

## ဝမ်းသာတဲ့ဉာဏ်ရောက်ရင်မဂ်ဆိုက်ပြီ

အဲ-ဖောက်ပြန်ပျက်စီးတာတွေ့ရင် ဒိဋ္ဌိကွာပြီ (မှန်ပါ့) ဖောက်ပြန်ပျက်စီးတာတွေ ကြည့်ပါများလို့ မုန်းလာရင် နိဗ္ဗိန္ဒ ဉာဏ်တက်ပြီ (မှန်ပါ့) ဖောက်ပြန် ပျက်စီးတာတွေဟာ ခွေးသေ ကောင်ပုပ်ကဲ့သို့ တွေ့လို့ အနားမှာမရှိရင် ကြိုက်လို့ အနားမရှိ ရင် ကောင်းလေစွာ့ဆိုတဲ့ ဉာဏ်လာရင် ခွေးသေကောင်ပုပ် လည်း ပျောက် (မှန်ပါ့) ဝမ်းသာတဲ့ဉာဏ်လည်းရောက်ရင် မဂ်ဆိုက်ပြီလို့မှတ်ပါ . . . (မှန်ပါ့ဘုရား)။

ကိုင်း . . . ယနေ့ ဒီတွင်တော်ကြဦးစို့။
သာဓု . . . သာဓု . . . သာဓု . . .။